လျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ

Post Earthquake Technical Forum

ဆွေးနွေးပွဲ အပေါ် သုံးသပ်ချက်များ

နှင့်

ရေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများ

(၂၉.၇.၂၀၂၅)

ဒေါက်တာအောင်ကျော်မြတ်

President, Myanmar Engineering Council (MEngC)

President, Federation of Engineering Institutions of Asia and the Pacific (FEIAP)

Post Earthquake Technical Forum

ဆွေးနွေးပွဲ (ပထမပိုင်း)

“မြန်မာနိုင်ငံတွင် လူပ်ခတ်ခဲ့သော ငလျင်ကြီးများနှင့် အနာဂတ်တွင် ကြုံတွေ့နိုင်သည့် ငလျင်ကြီးများအပေါ် လေ့လာသုံးသပ်ချက်”

ဆွေးနွေးပွဲ (ဒုတိယပိုင်း)

“ငလျင်ဒဏ်ခံရသည့် အဆောက်အအုံများ ပြုပြင်ခြင်းဆိုင်ရာ နည်းစနစ်များ”

ဆွေးနွေးပွဲ (တတိယပိုင်း)

“ငလျင်ဒဏ်ခံအဆောက်အအုံများ တည်ဆောက်ခြင်း နှင့် MNBC -2025 ပါ ပြဋ္ဌာန်းချက်များ”

ဆွေးနွေးပွဲ (စတုတ္ထပိုင်း)

“ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် လိုက်နာသုံးစွဲရေးဆိုင်ရာ စိန်ခေါ်မှုများ”

ဆွေးနွေးပွဲ (ပဉ္စမပိုင်း)

“ငလျင်ဒဏ်ခံအဆောက်အဦများ တည်ဆောက်ရေးအတွက် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များနှင့် တည်ဆောက်သူများ၏ အရေးပါမှု အခန်းကဏ္ဍ”

6 M’s

(a) Men (Human Resources)

(b) Materials

(c) Manufacturing

(d) Management

(e) Methods

(f) MNBC 2025

Men (Human Resources)

- Engineers
- Architects
- Technicians
- Foreman's
- M&E Personal's
- Skilled Labours
- Developers
- Contractors
- All Stakeholders

Materials (For Construction Industries)

- Cement, Reinforcing Steels, Concreting Pumps, Sands, Aggregate , Timbers, Glasses, etc.
- Roofing Materials, Ceramic Materials, Bitumen, Iron Sections (H, I, L), Carbon Fiber Polymer, Glass Fiber etc.
- Materials Manufactured within Myanmar
- Materials Imported to Myanmar

Manufacturing

- Cement Factories
- Reinforcing Steel Factories
- Standard Laboratories
- Lime-Based Grouting Materials
- Other Supporting Materials
- Bricks Manufacturing

Management

- Ministry of Construction
- Ministry of Science and Technology
- Ministry of Industry
- Ministry of Energy
- Ministry of Electrical Power
- Ministry of Transport and Communication
- Other Relevant Ministries

Management

- Nap Pyi Taw Development Committee
- Yangon City Development Committee
- Mandalay City Development Committee
- States / Regions Development Committee
- Other Organizations

Methods

- Theorical Methods
  - Software
  - Hardware
- Physical Methods
- National and Regional Laboratories
- Modern Technological Methods

Myanmar National Building Code 2025

Part 1 - Administration of Planning, Building and Built Environmental

Part 2 - Architecture and Urban Design

Part 3 - Structural Design

Part 4 - Soil and Foundation

Part 5 - Building Services

Part 6 - Building Materials

Part 7 - Construction Management and Planning, Construction Practices, Safety and Building Maintenance

Forum မှ သုံးသပ်ရရှိချက်များနှင့် ဆက်လက်ဆောင်ရွက်သွားသင့်သည့် လုပ်ငန်းများ

သုံးသပ်ရရှိချက် (Review Statement)

၁။ ယခုကျင်းပသော Forum သည် မြေငလျင်အလွန်ကာလအတွက် အရေးပါသော ဆွေးနွေးပွဲကြီးတစ်ခုဖြစ်ပြီး အင်ဂျင်နီယာများနှင့် ဗိသုကာများအတွက် စိတ်ခွန်အားနှင့် ပညာရပ်ဗဟုသုတများကို အထူးတလည်ရရှိစေခဲ့သည်ဟု ပဏာမ သုံးသပ် တွေ့ရှိရပါသည်။

၂။ ပြည်တွင်းပြည်ပ ပညာရှင်အသီးသီး၏ ဆွေးနွေးဝို့ချမှုများ၊ Panel Discussion များမှ ရှေ့ဆက်လက်ဆောင်ရွက်သွားသင့်သည့် လုပ်ငန်းအစီအမံ များအတွက် အစပျိုးစဉ်းစားနိုင်သည့် အခြေအနေတစ်ခု ဖန်တီးနိုင်ခဲ့သည်။

၃။ ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းအရာအားလုံးကို လွှမ်းခြုံနိုင်သော ဥပဒေ၊ နည်းပညာ လုပ်ထုံး လုပ်နည်းများကို ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်ရန် အထူးတလည် လိုအပ်နေပြီဖြစ် ကြောင်း ထောက်ပြနိုင်ခဲ့ပါသည်။

၄။ မည်သည့်လုပ်ငန်းကဏ္ဍကိုမဆို တိုင်းပြည်အတွင်း ဆောင်ရွက်ကြရာတွင် “အများပြည်သူအသက်အိုးအိမ်စည်းစိမ်လုံခြုံရေးသည် အခရာ” ဟူသော ဆောင်ပုဒ်ကို စွဲမြဲစွာလက်ကိုင်ထားရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအတွင်းရှိ ပညာရှင်အသီးသီး (အင်ဂျင်နီယာ၊ ဗိသုကာ၊ ဘူမိဗေဒနှင့် ဘူမိသိပ္ပံပညာရှင်၊ ငလျင်ပညာရှင်၊ မိုး/ဓလေပညာရှင်၊ ဒီဇိုင်းတွက်ချက်သည့် ပညာရှင် စသည်)တို့၏ အရည်အသွေးသည် အပြည်ပြည်ဆိုင်ရာအဆင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်စွမ်းရှိသော အနေအထားဖြစ်ကြောင်း ကျေနပ်ဖွယ်ရာ တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရ ဦးဆောင်၍ အဖွဲ့အစည်းအသီးသီးက ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ (Tasks to be done by the Government and various organizations- Way Forward after Forum)

၁။ ဆောက်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓါတ်အားရရှိရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍအသီးသီးတွင် ပါဝင်ပတ်သက်သူအားလုံးက မိမိတို့ကဏ္ဍအလိုက် ကျင့်ဝတ်သိက္ခာ မြဲမြံစွာထိန်းသိမ်းရေးကို ဦးစားပေးလေ့ကျင့်ဆောင်ရွက်သွားနိုင်ရန် သင်တန်းများပို့ချခြင်း၊ စည်းရုံးဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပပေးခြင်းကို ဆောင်ရွက်ရန်၊

၂။ ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ တစ်ရပ် ပြဋ္ဌာန်းနိုင်ရေး အချိန်နှင့်တပြေးညီ ဆောင်ရွက်ရန်၊

၃။ အစိုးရဌာနအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် Standard Operating Procedure (S.O.P)များ၊ လက်စွဲစာအုပ် (Manual)များ၊ တိကျသောညွှန်ကြားလွှာ (Guidelines)များကို လိုအပ်သလို ထုတ်ပြန်သွားရန်၊

၄။ Myanmar National Building Code 2025 နှင့်တကွ အဝိုဒ် (၃)ပါ SOP များ၊ Manual များ၊ Guidelines များကို တိကျစွာလိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ရေးဦးစားပေး ဆောင်ရွက်ရန်၊

၅။ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ (ဘိလပ်မြေ၊ အားဖြည့်သံမဏိချောင်း အစရှိသည်)၏ ပြည်တွင်းထုတ်လုပ်ရေးကို စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ဖြူးနိုင်ရေး အားပေးဆောင်ရွက်သွားရန်နှင့် ယင်းပစ္စည်းများ၏ စံချိန်စံညွှန်းကို စမ်းသပ်စစ်ဆေးပေးနိုင်သော ဓါတ်ခွဲခန်းများ (National & Regional Laboratories များ)ကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ထူထောင်နိုင် ရေး ကူညီဆောင်ရွက်ပေးရန်၊

နိုင်ငံတော်အစိုးရ ဦးဆောင်၍ အဖွဲ့အစည်းအသီးသီးက ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ (Tasks to be done by the Government and various organizations- Way Forward after Forum)

၆။ ပြည်ပမှ တင်သွင်းသောပစ္စည်းများ၏ အရည်အသွေးစံနှုန်းများကိုလည်း စဉ်ဆက်မပြတ် စစ်ဆေးပေးနိုင်သော လုပ်ငန်းစဉ်တစ်ရပ် ထူထောင်ရန်၊

၇။ Building Construction Authority များဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များတွင် ပညာရှင်များ တိုးတက်မွေးမြူပျိုးထောင်လျက် လုပ်ငန်းခွင်စစ်ဆေးရေး နည်းပညာအကူအညီပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စီမံချက်ချဆောင်ရွက်သွားရန်၊

၈။ PE, RSE, RE လိုင်စင်များ ခွင့်ပြုထုတ်ပေးရာတွင် အရည်အချင်းစစ်ဆေးမှုကို ပိုမို၍ ကြပ်မတ်စွာဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးသို့ အကြံပြုတိုက်တွန်းသွားရန်၊

၉။ မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်များကို အစဉ်ကာကွယ်နိုင်ရန်အတွက် လေ့လာမှုများ၊သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံငလျင်နှင့်သဘာဝဘေးများဆိုင်ရာ သုတေသနဗဟိုဌာနတစ်ခု ထူထောင်ရန်။

၁၀။ ငလျင်နှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းများကို နည်းပညာတက္ကသိုလ်များရှိ ဘွဲ့ကြို၊ဘွဲ့လွန် သင်တန်းများတွင် ဘာသာရပ်များ အနေဖြင့် ထည့်သွင်းသင်ကြားပေးရန်၊ ယင်းဘာသာရပ်များကို Myanmar National Building Code နှင့် ချိတ်ဆက်ဒီဇိုင်းပြုလုပ် အသုံးပြုရန်။

၁၁။ အမျိုးသားစံချိန်စံညွှန်းကောင်စီ မှပြဋ္ဌာန်းထားသော အမျိုးသားစံချိန်စံညွှန်းများအနက် သင့်လျော်သော စံချိန်စံညွှန်းများကို Mandatory အဖြစ်သတ်မှတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရန်။

Thank You